လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ

# အဓိကစံသတ်မှတ်ချက်

## အရည်အသွေးနှင့်
## တာဝန်ခံယူမှုတို့အတွက်
## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ
## အဓိက စံသတ်မှတ်ချက်

ထုတ်ဝေသူ
CHS Alliance ၊ URD အုပ်စုနှင့် Sphere Project

ပထမအကြိမ်ထုတ်ဝေခြင်း
၂၀၁၄

ISBN: 978-2-8399-1564-9

မူပိုင်ခွင့် အားလုံးရရှိပြီးဖြစ်သည်။ ဤစာတမ်းပါအချက်များကို ကူးယူဖော်ပြမှုဆိုင်ရာ မူပိုင်ခွင့်များကို URD အုပ်စု၊ HAP International၊ People In Aid နှင့် Sphere Project မှ ပိုင်ဆိုင်ပါသည်။ သင်တန်းပေးခြင်း၊ သုတေသနနှင့် လုပ်ငန်းအစီအစဉ်များ အပါအဝင် ပညာပေးရေးလုပ်ငန်းများအတွက်အသုံးပြုရန် ပြန်လည်ထုတ်ဝေနိုင်ပြီး ထိုသို့ထုတ်ဝေရာတွင် CHS ကို ရည်ညွှန်းဖော်ပြရမည်။ CHS ကို ဘာသာပြန်ဆို အသုံးပြုခြင်း (သို့မဟုတ်) တစ်စိတ်တစ်ပိုင်း ပြန်ဆိုအသုံးပြုခြင်းများ ပြုလုပ်မည်ဆိုပါက Email: info@corehumanitarianstandard.org သို့ ကြိုတင် အီးမေးလ်ပို့၍ ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။

# နိဒါန်း

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိကစံသတ်မှတ်ချက် CHS သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာစံသတ်မှတ်ချက်များကို အသုံးပြုသူများ ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်စေရန်အတွက် HAP International, People in Aid နှင့် Sphere Project တို့၏ ကနဦးစံသတ်မှတ်ချက်များ ပူးပေါင်းသတ်မှတ်ရေး အစီအစဉ် JSI မှ ထွက်ပေါ်လာသောရလဒ် တစ်ခုဖြစ်သည်။ JSI သည် ဌာနချုပ်ရုံးများ၊ ဒေသဆိုင်ရာဌာနများနှင့် သဘာဝဘေးအန္တရာယ်ဖြစ်လွယ်သောနိုင်ငံများရှိလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းပေါင်း ၂၀၀၀ ကျော်နှင့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ အကြံပြုတုန့်ပြန်ချက်များအရ စံသတ်မှတ်ချက်များကို လိုက်လျောညီထွေမှုရှိရန်လိုအပ်ကြောင်းနှင့် အဆိုပါ စံသတ်မှတ်ချက်များသည်ဘေးဒုက္ခခံစားရသော ရပ်ရွာလူထုကိုဗဟိုပြုရေးနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမူများကို အုတ်မြစ်သဖွယ် အသုံးပြုရန်လိုအပ်ကြောင်း အလေးပေးထားပါသည်။

CHS သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများ၊ ဘေးဒုက္ခခံစားရသော ရပ်ရွာလူထု၊ ရာပေါင်းများစွာသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs)နှင့် ကွန်ရက်များ၊ အစိုးရများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း ၊ အလှူရှင်အဖွဲ့အစည်းများနှင့် ပညာရှင်များမှ ၁၂ လ အတွင်း (၃) ကြိမ် တိုင်ပင်ဆွေးနွေးရာမှ ထွက်ပေါ်လာခဲ့သည့် ရလဒ် တစ်ခုဖြစ်ပြီး CHS တွင် ပါဝင်သည့် သဘောတရားများကို စနစ်တကျ လေ့လာခဲ့ပြီးနောက် ဌာနချုပ်များနှင့် လုပ်ငန်းခွင် အဆင့်များအတွင်း စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များနှင့် စံသတ်မှတ်ချက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာပိုင်းကျွမ်းကျင်မှုများရှိသည့် နယ်ပယ်အစုံမှ ကိုယ်စားလှယ် (၆၅) ဦး ပါဝင်သည့် နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့သည် ထိုဆွေးနွေးမှုတစ်ခုစီတိုင်းမှ ထွက်ပေါ်လာသည့် အကြံပြုတုန့်ပြန်ချက်များကို စဉ်းစားဆုံးဖြတ်ပြီး ပြန်လှန်သုံးသပ် အတည်ပြုခဲ့ကြပါသည်။

HAP International ၊People in Aid နှင့် Sphere Project သည် CHS ကို 2010 HAP ၏ တာဝန်ခံယူမှုနှင့် အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု စံသတ်မှတ်ချက်များ၊ People in Aid ၏ Code of Good Practice in the Management and Support of Aid Personnel နှင့် Sphere လက်စွဲစာအုပ်၏ အဓိကစံသတ်မှတ်ချက် အခန်းပါအချက်အလက်များတို့ကို အစားထိုးအသုံးပြုသွားရန် ရည်ရွယ်ပါသည်။

# ကျေးဇူးတင်လွှာ

CHS ကို ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်ရာ၌ မူကြမ်းအပေါ် တွင် အကြံပြုတုန့်ပြန်ချက်ပေးခြင်း၊ ၎င်းတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများအတွင်းတွင် စမ်းသပ် လုပ်ဆောင်ခဲ့ခြင်း[၁] (သို့မဟုတ်) CHS ၏ အကြံပေးဆွေးနွေးမှုလုပ်ငန်းစဉ် ကိုခြုံငုံသုံးသပ်သော အဖွဲ့တစ်ခုခုတွင် ပါဝင်လုပ်ဆောင်ခဲ့ခြင်း အစရှိသည်တိုကို ကူညီ ဆောင်ရွက်ခဲ့သည့် ရာပေါင်းများစွာသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီအား ကျေးဇူးတင်ရှိပါသည်။ အကြံပြုဆွေးနွေးခြင်းနှင့် စမ်းသပ်လုပ်ဆောင်ရာတွင် ပါဝင်ခဲ့သည့် ဘေးဒုက္ခ ခံစားရသောရပ်ရွာလူထုအသီးသီးတို့အားလည်း အထူးကျေးဇူး တင်ရှိပါသည်။

စံသတ်မှတ်ချက်များကို သဟဇာတဖြစ်စေရန်အတွက် HAP International ၊ People in Aid နှင့် Sphere Project တို့သည်  URD အဖွဲ့ ၏ အရည်အသွေးပိုင်းဆိုင်ရာ  COMPAS ရည်ညွှန်းသတ်မှတ်ချက်မူဘောင်ကို CHS တွင်ထည့်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ CHS နည်းပညာဆိုင်ရာအကြံပေးအဖွဲ့နှင့် ၎င်း၏အဖွဲ့ခွဲများ၊ နည်းပညာဆိုင်ရာ ဦးဆောင်ကော်မတီတို့သည်လည်း CHS ကို ခြုံငုံ သုံးသပ်လုပ်ဆောင်ခြင်းနှင့် အပြီးသတ် သဘောတူသတ်မှတ်ခြင်း လုပ်ငန်းစဉ်များတွင် တာဝန်ယူလုပ်ဆောင်ခဲ့ကြပါသည်။ ဆွေးနွေးတိုင်ပင်မှုအဆင့်တိုင်းမှ အကြံပြုတုန့်ပြန်ချက်များအား ပြန်လည်သုံးသပ်၍ CHS ပြန်လည်စီစစ်ဆောင်ရွက်ခြင်းများကို  CHS မှတ်တမ်းတင်ရေးသားသည့် အဖွဲ့မှလုပ်ဆောင်ပေးခဲ့ပါသည်။

ထွက်ပေါ် လာသည့် ရလဒ်များတွင် ကဏ္ဍအားလုံး ပါဝင်စုံလင်မှု၊ သဘောတရားကို ထင်ဟပ်ကိုယ်စားပြုနိုင်မှုနှင့် ဓမ္မဓိဌာန်ကျမှုများ ရှိစေရန်အတွက် CHS အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်များကို WolfGroup အဖွဲ့၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်များမှ ကူညီပံ့ပိုး ဆောင်ရွက်ခဲ့ကြပါသည်။

နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့၊ နည်းပညာဆိုင်ရာ ဦးဆောင် ကော်မတီအဖွဲ့နှင့် မှတ်တမ်းတင်ရေးသားသည့် အဖွဲ့ဝင်များ၏ စာရင်း အပြည့်အစုံကို www.corehumanitarianstandard.org တွင်ရှာဖွေတွေ့ရှိနိုင်သည်။ ၎င်းတို့၏ အင်တိုက်အားတိုက် ကူညီပံ့ပိုးမှုများမပါဘဲ CHS ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ ဖြစ်ပေါ် လာမည်မဟုတ်ပါ။

CHS  လုပ်ငန်းစဉ်အတွက် အဓိက စီမံကိန်း ရန်ပုံငွေများကို အောက်ပါ အလှူရှင်များ၏ အကူအညီများဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ဩစတြေးလျနိုင်ငံအစိုးရ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန၊ နိုင်ငံရပ်ခြား ဖွံ့ဖြိုးတိုးတက်ရေး ကက်သလစ် အေဂျင်စီ (CAFOD)၊ ဒိန်းမတ်

[၁] CHS စမ်းသပ်လုပ်ဆောင်ရာတွင် ပါဝင်ခဲ့သည့် အဖွဲ့အစည်းများ၏ စာရင်းအပြည့်အစုံကို www.corehumanatarianstandard.org တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန (Danida)၊ ဖက်ဒရယ် ပြည်သူ့သမ္မတ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးရုံး၊ အိုင်ယာလန် ကူညီမှုအဖွဲ့အစည်း၊ ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ အေဂျင်စီ၊ အင်္ဂလန်အစိုးရ၏ ယူကေ ကူညီမှုအဖွဲ့အစည်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရ တို့ ဖြစ်ပါသည်။

HAP International၊ People in Aid နှင့် Sphere Project များအနေဖြင့် အောက်ဖော်ပြပါ ဘုတ်အဖွဲ့ဝင်များကိုလည်း CHS လုပ်ငန်းစဉ်တွင် ၎င်းတို့၏ဘဏ္ဍာရေးဆိုင်ရာ ထည့်ဝင်မှုများအတွက် ကျေးဇူးတင်ဖော်ပြလိုပါသည်။ ACT Alliance၊ ActionAid International၊ Aktion Deutschland Hilft၊ ဗြိတိန်ကြက်ခြေနီ၊ နိုင်ငံရပ်ခြားဖွံ့ဖြိုးတိုးတက်ရေး ကက်သလစ် အေဂျင်စီ(CAFOD)၊ CARE International၊ Christian Aid၊ အာရှတိုက်ဆိုင်ရာ ကမ္ဘာ့လူမှုဝန်း ကျင်ဝန်ဆောင်မှုအဖွဲ့၊ DanChurchAid၊ Lutheran World Federation၊ Save the Children International၊ Save the Children US၊ World Vision International တို့ဖြစ်ပါသည်။

## ဤမြန်မာဘာသာပြန်စာအုပ်ဖြစ်မြောက်ရေးအတွက် ကျေးဇူးတင်လွှာ

အရည်အသွေးနှင့် တာဝန်ခံယူမှုတို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံသတ်မှတ်ချက်စာအုပ်ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားရာတွင် ဦးဆောင်ပါဝင်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါသည်၊

ဤမြန်မာဘာသာပြန်စာအုပ် ထုတ်ဝေနိုင်ရန် အတွက်ဘာသာပြန်ဆိုခြင်းနှင့် နည်းပညာရပ်ဆိုင်ရာ အကြံပေးချက်များ၊ ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများဖြင့် ကူညီပေးခဲ့ကြသော Action Aid၊ အမေရိကန်ကြက်ခြေနီအသင်း၊ BRAC၊ CARE၊ Christian Aid၊ DanChurchAid၊ HelpAge International၊ Lutheran World Federation၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ Norwegian Church Aid၊ Oxfam၊ Local Resource Center နှင့် Accountability & Learning Working Group တို့ကို ကျေးဇူးတင်ရှိကြောင်း ဦးစွာဖော်ပြလိုပါသည်။ ဆက်လက်၍ ဤစာအုပ်ဖြစ်မြောက်ရန် ကူညီပံ့ပိုးပေးပါသော Disaster Risk Reduction Working Group နှင့် Humanitarian Country Team မှ အဖွဲ့ဝင်များကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

အဖွဲ့အစည်းအသီးသီး နှင့် တစ်ဦးချင်းတစ်ယောက်ချင်းစီ ၏ စုပေါင်းလုပ်အားဖြင့် ဤမြန်မာဘာသာပြန်စာအုပ် ထွက်ရှိလာရခြင်းဖြစ်ပါသည်။ အရည်အသွေးနှင့် တာဝန်ခံယူမှုတို့

အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံသတ်မှတ်ချက်စာအုပ် ဘာသာပြန်ဆိုရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း ဤစာအုပ်ကို ဘာသာပြန်ဆိုခြင်းနှင့်ထုတ်ဝေခြင်းတွင် ပါဝင်ကူညီခဲ့သူ အသီးသီးတို့ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

## အကြံပြုတုန့်ပြန်ချက်

CHS နှင့်ပတ်သက်၍ အကြံပြုချက်များကို အချိန်မရွေး ကြိုဆိုလျက်ရှိပြီး info@corehumanitarianstandard.org သို့ပေးပို့ မေးမြန်းနိုင်ပါသည်။

## ပြန်လည်သုံးသပ်ခြင်း

လက်ခံရရှိသောအကြံပြုချက်များကို ၂၀၁၉ ဒီဇင်ဘာမတိုင်မီ ပြုလုပ်မည့် CHS ၏ ပြန်လည်သုံးသပ်မှုများတွင် ထည့်သွင်း ဖော်ပြသွားမည် ဖြစ်ပါသည်။ CHS နှင့် ပတ်သက်သော အချက်အလက်များ ဆက်စပ်အရင်းအမြစ်များနှင့် အခြားသောလုပ်ဆောင်လျက်ရှိသည့် မှတ်တမ်းများကို ပိုမိုသိရှိလိုပါက www.corehumanitarianstandard.org သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဘာသာပြန်ဆိုချက်များနှင့် ပတ်သက်၍ မှတ်စု

CHS ကို အာရေဗျဘာသာ၊ ပြင်သစ်ဘာသာနှင့် စပိန်ဘာသာများဖြင့်ရရှိနိုင်စေရန် စီစဉ်ထားရှိပါမည်။ အကယ်၍ CHS က အခြားဘာသာစကားများသို့ ပြန်ဆိုလိုပါက info@corehumanitarianstandard.orgသို့ဆက်သွယ်၍ ဘာသာပြန်ခြင်းဆိုင်ရာလမ်းညွှန်ချက်များ ရယူနိုင်ပါသည်ဘာသာပြန်ဆိုချက်အားလုံးကို www.corehumanitarianstandard.org တွင် အခမဲ့ရယူနိုင်ပါသည်။

## သက်ဆိုင်ရာအကိုးအကားများ

CHSကိုလက်တွေ့လုပ်ဆောင်နိုင်ရန်အတွက် လမ်းညွှန်ချက်များနှင့် နည်းလမ်းများကို www.corehumanitarianstandard.org တွင် အခမဲ့ရယူနိုင်ပါသည်။

# မာတိကာ


၁။ မိတ်ဆက် ၉

၂။ အရည်အသွေးနှင့် တာဝန်ခံယူမှုတို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံသတ်မှတ်ချက် (CHS) ၏ ဖွဲ့စည်းပုံ ၁၃

၃။ CHS ကို အသုံးချလုပ်ဆောင်ပုံ ၁၄

၄။ ခိုင်မာစွာထုတ်ဖော်တင်ပြခြင်း ၁၆

၅။ မူချမှတ်ထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက် ၁၇

၆။ ကတိကဝတ် ကိုးချက် နှင့် အရည်အသွေး စံချိန်စံညွှန်း ၂၀

၇။ ကတိကဝတ်များ ၊ လုပ်ဆောင်ချက်များ နှင့် တာဝန်ဝတ္တရားများ ၂၂

(၁) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ၎င်းတို့လိုအပ်ချက်နှင့်အညီ သင့်လျော်ကောင်းမွန်ပြီး ထိုက်သင့်ဆီလျော်သော အထောက်အပံ့ကို ရရှိရမည်။ ၂၂

(၂) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ၎င်းတို့လိုအပ်သည့် အချိန်တွင် အချိန်ကိုက် လက်လှမ်းမီရရှိနိုင်သည်။ ၂၄

(၃) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု၏ ရလဒ်အနေဖြင့် ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ဆိုးဝါးသော သက်ရောက်မှုများ မဖြစ်စေဘဲ ပြင်ဆင်ထားမှုများ ပိုမိုကောင်းမွန်ရမည်၊ ခံနိုင်ရည်ရှိရမည်၊ အန္တရာယ်နည်းပါးရမည်။ ၂၆

(၄) ဘေးဒုက္ခခံရသော ရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ၎င်းတို့၏ ရပိုင်ခွင့်များ၊ ခံစားခွင့်များကို ကောင်းစွာသိရှိကြပြီး သတင်းအချက်အလက်များကိုလည်း လက်လှမ်းမီရရှိကာ ၎င်းတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆုံးဖြတ်ရာတွင် ပါဝင်နိုင်ရမည်။ ၂၉

(၅) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လုံခြုံစိတ်ချမှုရှိပြီး တုံ့ပြန်ဆောင်ရွက်တတ်သော စနစ်များကို ရရှိလက်လှမ်းမီသည်။ ၃၁

(၆) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ပြီးပြည့်စုံသောပူးပေါင်းဆောင်ရွက်မှုရှိသည့် အကူအညီများရရှိရမည်။ ၃၃

(၇) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် အဖွဲ့အစည်းများမှ ယခင်အတွေ့အကြုံများနှင့် သုံးသပ်ချက်များအရ တိုးတက်ကောင်းမွန်သော ကူညီမှုများကို မျှော်မှန်းနိုင်သည်။ ၃၅

(၈) ဘေးဒုက္ခခံရသော ရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများအနေဖြင့် အကူအညီ အထောက်အပံ့များကို အရည်အချင်းရှိပြီး ကောင်းစွာစီမံလုပ်ဆောင်နိုင်သည့် ဝန်ထမ်းများ၊ စေတနာ့ လုပ်အားရှင်များထံမှ လက်ခံရရှိသည်။ ၃၇

(၉) ဘေးဒုက္ခခံရသော ရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ၎င်းတို့ကို အကူအညီပေးနေသော အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများဆိုင်ရာ အရင်းအမြစ်များကို ထိရောက်စွာ၊ လုံလောက်စွာ၊ ကျင့်ဝတ်နှင့် လျော်ညီစွာ ရရှိရန် မျှော်လင့်နိုင်သည်။ ၃၉

၈။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၄၁

# အရည်အသွေးနှင့် တာဝန်ခံယူမှုတို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံသတ်မှတ်ချက်

## ၁။ မိတ်ဆက်

ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို လျော့ချနိုင်ရန်အတွက် ကမ္ဘာပေါ်တွင် နေ့စဉ်နေ့တိုင်းလုပ်ရှား ရုန်းကန်နေရသည့် မြောက်များစွာသော လူအများသည် လူသားချင်းစာနာထောက်ထားသည့် လုပ်ငန်းများကို အဓိက တုံ့ပြန်ဆောင်ရွက်လာကြသည်။

အရည်အသွေးနှင့် တာဝန်ခံယူမှုများအတွက် (CHS) သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဓိကစံသတ်မှတ်ချက်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီတို့၏ ကူညီပံ့ပိုးမှုများကို အရည်အသွေးမြင့်မားစေရန်နှင့် ထိရောက်မှုရှိစေရန်အတွက် ကတိကဝတ် (၉)ခုကို ချမှတ်ခဲ့သည်။ ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများအနေဖြင့်လည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ ကတိပြုလုပ်ဆောင်မှုများကို သိရှိလာခြင်း အားဖြင့် ထိုအဖွဲ့အစည်းများမှ ထိရောက်သော တာဝန်ခံမှုများကို လုပ်ဆောင်ရန် CHS မှ ကူညီပံ့ပိုးပေးသည်။

CHS သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှုများတွင် ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်း နှင့် လူအများကို ဗဟိုပြုပြီး ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးများကို လေးစားမှုရှိစေရန် မြှင့်တင်ပေးသည်။ ထို့အပြင် ၎င်းသည် International Bills of Human

Rights တွင်ပါဝင်သည့် ဂုဏ်သိက္ခာရှိစွာ ရှင်သန်ခွင့်၊ အကာအကွယ်ပေးခွင့်နှင့် ဘေးကင်းလုံခြုံခွင့်တို့ကိုလည်း အထောက်အကူပေးသည်။[၂]

အဓိက စံသတ်မှတ်ချက်တစ်ခုအနေဖြင့် CHS သည် ချမှတ်ထားသော မရှိမဖြစ် အရေးပါသည့် အဓိကအချက်များ၊ တာဝန်ခံယူမှုနှင့် အရည်အသွေးမြင့်မားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များကို ပြဋ္ဌာန်းဖော်ပြထားပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ထိုအချက်များကို ၎င်းတို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွင်းမှ လုပ်ထုံးလုပ်နည်းများနှင့် ညှိနှိုင်း၍ မိမိတို့ဆန္ဒအလျောက်လိုက်နာ ကျင့်သုံးသင့်သည့် ကျင့်ဝတ်တစ်ခုအနေဖြင့် သုံးစွဲနိုင်သည်။ ထို့အပြင် အဖွဲ့အစည်း အသီးသီး၏ ကွဲပြားသောအခြေအနေများနှင့် အမျိုးအစားများအရ တိကျသောမူဘောင်များ၊ ဆက်စပ်လျက်ရှိသော အညွှန်းကိန်းများကို ရေးဆွဲလုပ်ဆောင်ပြီး မိမိတို့၏ လုပ်ဆောင်ချက်များကို ပြန်လှန် စစ်ဆေးရာတွင်လည်း အခြေခံအချက်အဖြစ် အသုံးပြုနိုင်သည်။

CHS ကို လူသားချင်းစာနာထောက်ထားသည့် လုပ်ငန်းများဆောင်ရွက်နေသည့် (သို့မဟုတ်) ကူညီပံ့ပိုးမှုများ ပြုလုပ်သည့် ပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းများ၊ ညှိနှိုင်းဆောင်ရွက်မှု လုပ်ဆောင်နေသူများ၊ ပူးတွဲပါဝင်ဆောင်ရွက်သူများနှင့် အခြားသော အဖွဲ့များမှလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။ မူလအားဖြင့် လူသားချင်းစာနာထောက်ထားမှု ကဏ္ဍအတွက်ကိုသာ ရည်ရွယ်ခဲ့သော်လည်း ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများအတွက် ဆောင်ရွက်ပေးသော မည်သည့် အဖွဲ့အစည်းမဆို ပိုမိုကောင်းမွန်သော အရည်အသွေးနှင့် ပိုမိုကျယ်ပြန့်သော တာဝန်ခံယူမှုကို ရရှိစေရန်အတွက် လုပ်ငန်းခွင် အတွင်းရှိ ရှုထောင့်အားလုံး တွင် CHS ကို အသုံးပြုနိုင်သည်။

CHS သည်ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုလုပ်ငန်းစဉ်မှ ထွက်ပေါ်လာသော ရလဒ်ဖြစ်သည်။ ၎င်းသည် အောက်ပါရှိရင်းစွဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကတိကဝတ်များမှ အဓိကအချက်အလက်များကို အများအားဖြင့် အခြေခံ၍ စုစည်းထားခြင်းဖြစ်သည်။


- သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုများ နှင့် NGO များ လိုက်နာလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်များ

---

[၂] နိုင်ငံတကာအခွင့်အရေးဥပဒေကြမ်းတွင် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာချက်၊ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာ ပြည်သူ့ရပိုင်ခွင့်နှင့် နိုင်ငံရေး ရပိုင်ခွင့်များ၊ သက်ဆိုင်ရာရွေးချယ်ပြဋ္ဌာန်းထားသည့် စာတမ်းများ ပါဝင်သည်။

- တာဝန်ခံယူမှုနှင့် အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ၂၀၁၀ HAP စံသတ်မှတ်ချက်
- People In Aid ၏ အကူအညီပေးသူများကို စီမံခန့်ခွဲရေးနှင့် အထောက်အပံ့ပေးရေး အလေ့အကျင့်ကောင်းများ
- Sphere လက်စွဲစာအုပ်၏ အဓိကစံသတ်မှတ်ချက်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိညာဉ်စာတမ်း
- The Quality COMPAS;
- The Inter-Agency Standing Committee Commitments on Accountability to Affected People/Populations (CAAPs) နှင့်
- The Organisation for Economic Co-operation and Development's (OECD) Development Assistance Committee (DAC) တို့၏ ဖွံ့ဖြိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအကဲဖြတ်သုံးသပ်နိုင်ရန်အတွက် စံချိန်စံညွှန်းများ စသည်တို့ဖြစ်သည်။

# အရည်အသွေးနှင့် တာဝန်ခံယူမှုအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိကစံသတ်မှတ်ချက်



## ၂။ အရည်အသွေးနှင့်တာဝန်ခံယူမှုတို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံသတ်မှတ်ချက်၏ ဖွဲ့စည်းပုံ

CHS သည် ဘေးဒုက္ခခံစားရသည့် ရပ်ရွာလူထုအတွက် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီထံမှ ပေးအပ်လာမည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအတွက် ကတိကဝတ်အချက် (၉) ချက်ဖြစ်သည်။ ထိုကတိကဝတ် တစ်ခုစီတိုင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ထမ်းများမှ မည်သို့ဆောင်ရွက်သင့်သည်ကို ဖော်ညွှန်းပြသသည့် အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်းတစ်ရပ်ဖြစ်သည်။ CHS ကိုအောက်ပါအတိုင်း ဖွဲ့စည်းထားသည်။

- ကတိကဝတ်(၉)ချက်
- အထောက်အပံ့ပေးသည့် အရည်အသွေး စံချိန်စံညွှန်း
- ကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် လိုက်နာလုပ်ဆောင် ရမည့် အဓိက လုပ်ဆောင်ချက်များနှင့်
- အဖွဲ့အစည်းတစ်ခုလုံး၏ အဓိကလုပ်ဆောင်ချက်များကို စနစ်တကျ လိုက်လျောညီထွေစွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထောက်ပံ့နိုင်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ

သက်ဆိုင်ရာအဓိကလုပ်ဆောင်ချက်များနှင့်အဖွဲ့အစည်းဆိုင်ရာတာဝန်ဝတ္တရားများကို ဖော်ပြရာတွင် -

- လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကိုဆောင်ရွက်နေသောဝန်ထမ်းများသည် အကူအညီလိုအပ်နေသူများ အပေါ်တာဝန်ခံယူမှုရှိနိုင်စေရန် နှင့် အရည်အသွေးမြင့်မားသည့်လုပ်ငန်းအစီအစဉ်များကိုလိုက်လျောညီထွေစွာဆောင်ရွက်နိုင်ရန် ပြုလုပ်ရမည်။
- လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများတွင် လုပ်ကိုင်နေသော အဖွဲ့အစည်း များသည် ဝန်ထမ်းများကို အကူအညီလိုအပ်နေသူများ အပေါ်တာဝန်ခံယူမှုရှိနိုင်စေရန် နှင့် အရည်အသွေး မြင့်မားသည့် လုပ်ငန်းအစီအစဉ်များကို

လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် စနစ်များ ထားရှိရန်လိုအပ်သည်။

CHS တွင် ပါဝင်သောဝေါဟာရများအတွက် သီးသန့်အဓိပ္ပာယ်ဖွင့်ဆိုမှုများကို ဤစာတမ်း၏နောက်ပိုင်းတွင်ဖော်ပြထားပါသည်။

## ၃။ CHS ကိုအသုံးချလုပ်ဆောင်ပုံ

CHS ကိုကတိပြုလုပ်ဆောင်မည့် အဖွဲ့အစည်းများသည် ကတိကဝတ် (၉) ချက်ကို ပြည့်မီစေရန်ဆောင်ရွက်ရမည်။ အနိမ့်ဆုံးအနေဖြင့် ၎င်းတို့ဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်လုပ်ဆောင်မှုများ ၏အရည်အသွေးနှင့် တာဝန်ခံယူမှုကိုခိုင်မာစွာ တိုးတက်လာစေရန်အတွက် အဖွဲ့အစည်း၏စနစ်များ၊ ဖွဲ့စည်းပုံနှင့်ဆောင်ရွက်လုပ်ကိုင်ပုံများကို အဆက်မပြတ်တိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ရန်ဖြစ်သည်။ သို့သော်လည်း လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများတွင် ပါဝင်ကြသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီတွင် ကွဲပြားမှုများ ရှိကြသည်။ အဆိုပါသက်ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ခွင့်နှင့် စွမ်းဆောင်ရည် အပေါ်တွင် ၎င်းတို့၏ ဆောင်ရွက်ချက်များကို သဟဇာတဖြစ်စေရန်နှင့် အချိန်မှီလုပ်ဆောင်နိုင်ရန် လိုအပ်သကဲ့သို့ အဖွဲ့အစည်းများသည် ၎င်းတို့ပါဝင်လုပ်ရှားနေသည့် ဒေသဒ္ဓ၏ ပြောင်းလဲမှု အဆင့်၊ အခြေအနေများအပေါ်တွင်လည်း ချိန်ညှိ ဆောင်ရွက်ရန်လိုအပ်သည်။ အဖွဲ့အစည်းတို့သည် ၎င်းတို့ကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့နေရသော အကျပ်အတည်းနှင့် ၎င်းအကျပ်အတည်း၏ ပြောင်းလဲမှု အခြေအနေများပေါ်တွင် ချိန်ညှိဆောင်ရွက်ရန်လိုသည်။

အဖွဲ့အစည်းများအနေဖြင့် ကတိကဝတ် (၉) ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရပါက ထိုအနေအထားကိုလက်ခံပြီး ထိုကဲ့သို့ ဖြစ်ပွားမှုကို ကာကွယ်တားဆီးရန်အတွက် ပြန်လည်သုံးသပ်သင့်သည်။ အဆိုပါ အခြေအနေများမှလေ့လာသင်ယူပြီး ၎င်းတို့တွေ့ကြုံရသည့် အခက်အခဲ၊ အတားအဆီးများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နည်းလမ်းများရှာဖွေသင့်သည်။

CHS ကိုလက်တွေ့အသုံးချပြီး ထွက်ပေါ်လာသော ခွဲခြမ်းလေ့လာဆန်းစစ်မှုများသည် အဓိကလုပ်ဆောင်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခြင်းနှင့်(သို့မဟုတ်) အဖွဲ့အစည်းဆိုင်ရာတာဝန်ဝတ္တရားများကို ဆောင်ရွက်ပြီးစီးခြင်းစသည့် အချက်များအပေါ်တွင်သာ

ရိုးစင်းစွာ မဆုံးဖြတ်ဘဲ မည်သည့်အဖွဲ့အစည်းမဆို ကတိကဝတ် (၉) ချက်အပေါ်တွင် မည်မျှ အောင်မြင်မှုရှိသနည်းဟူသော အနေအထားအပေါ်တွင်သာ အခြေခံသင့်ပေသည်။ CHS ပါ အချက်အလက်များသည် ဒေသအခြေအနေနှင့် လိုက်လျောညီထွေ ရှိရန် လိုအပ်ပါသည်။

CHS ကို ကျင့်သုံးနေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည်

- ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်း နှင့် လူအများထံသို့ အကူအညီများတိုက်ရိုက်ပေးဝေရန်။အကူအညီပေးရာတွင် တိုက်ရိုက် ပါဝင်ခြင်းမရှိဘဲ အခြားသော အဖွဲ့အစည်းများသို့ ဘဏ္ဍာရေး၊ ပစ္စည်း (သို့) နည်းပညာပံ့ပိုးပေးရန်။
- အထက်ပါအတိုင်း ချဉ်းကပ်လုပ်ဆောင်မှုနှစ်ခုလုံးကို ပေါင်းစပ်လုပ်ဆောင်ရန်

CHS သည် လူသားချင်းစာနာထောက်ထားမှုများတွင် ပါဝင်ဆောင်ရွက်သူများမှ နည်းလမ်း မျိုးစုံဖြင့် အသုံးပြုနိုင်ရန် စီစဉ်ရေးဆွဲထားခြင်းဖြစ်သည်။ ပါဝင်သည့် အချက်များမှာ-

- ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများအတွက် ပိုမိုတာဝန်ခံလုပ်ဆောင်ပေးနိုင်ရန်နှင့် ၎င်းတို့ကိုပေးအပ်သော ဝန်ဆောင်မှု အရည်အသွေးများတိုးတက်လာစေရန်
- CHS ၏အဆင့်ဆင့်တိုးတက် အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် လုပ်ငန်းအစီအစဉ်များ ဖော်ထုတ်ရေးဆွဲရန်နှင့် စဉ်ဆက်မပြတ်တိုးတက်မှုများ ရရှိရန်
- ရှိရင်းစွဲ အဖွဲ့အစည်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များကို ထောက်ကူပေးနိုင် ရန်အတွက် CHS ကို မူဘောင်တရပ်အနေဖြင့် အသုံးပြုပြီး အရည်အသွေး နှင့်တာဝန်ခံမှုကို စောင့်ကြည့်လေ့လာရန်။
- မိမိကိုယ်ကို လေ့လာဆန်းစစ်ပြီး လုပ်ငန်းအစီအစဉ်များ၏ အရည်အသွေးများကို တိုးတက်လာစေရန်
- အတည်ပြုစစ်ဆေးရန် (သို့မဟုတ်) ကိုက်ညီကြောင်းစီစစ်ရန်နှင့် အခြားသူများ အားရှင်းလင်းတင်ပြရန်နှင့်

- CHS တွင်ပြဌာန်းထားသည့် လုပ်ဆောင်ချက်များနှင့် အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများသည် လုပ်ငန်းတွင်းဆောင်ရွက်မှုနှင့် ဝန်ထမ်းများအား မည်သည့် အတိုင်းအတာအထိ ထောက်ကူပေးနိုင်မှု၊ သင့်လျော်မှုရှိသည်ကို လေ့လာဆန်းစစ်မှု ပြုလုပ်ရန်။

CHS ကိုအသုံးပြုရန် ဆုံးဖြတ်သတ်မှတ်ထားသော အဖွဲ့စည်းများအနေဖြင့် ထို အချက်များကို အဖွဲ့အစည်းအတွင်းနှင့် ပြင်ပတွင်ပါ အသုံးပြု မှုကိုမြှင့်တင်ပေးသင့်သည်။

မိတ်ဖက်များနှင့် ပူးတွဲ ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် CHS အပေါ် ထားရှိသော ၎င်းတို့၏ ကတိကဝတ်များကို ရှင်းပြသင့်ပြီး၊ ၎င်းတို့၏ မိတ်ဖက်အဖွဲ့အစည်း များကလည်း[၃] မည်ကဲ့သို့ နားလည်သဘောပေါက်စွာ ကတိကဝတ် ၉ ခုကို ချည်းကပ်ဆောင် ရွက်နေခြင်းကို ရှာဖွေရန်နှင့် ၎င်းတို့နှင့်အတူ တတ်စွမ်းသရွေ့ CHS ၏ ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

# ၄. ခိုင်မာစွာထုတ်ဖော်တင်ပြခြင်း

"ကျွန်ုပ်တို့သည် CHS ကိုလက်တွေ့အသုံးချနိုင်ရန် အတွက် လုပ်ဆောင်လျက်ရှိသည့် အဖွဲ့" ဖြစ်သည့်အပြင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ကြသော မည်သည့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ သို့မဟုတ် အဖွဲ့အစည်းအား CHS ပါ အချက်များကို သဘောတူလက်ခံရန် နှင့်အသုံးပြုရန် အားပေးတိုက်တွန်းသည်။ အဖွဲ့အစည်း များသည် ၎င်းတို့အနေဖြင့် လုပ်ဆောင်ခဲ့သောလုပ်ငန်း ရည်မှန်းချက်များမှာ CHS နှင့်အညီ လိုက်နာလုပ်ဆောင်ခဲ့မှု ရှိမရှိကို တိုက်ဆိုင် စစ်ဆေးပြီးမှသာ ထုတ်ဖော်ပြောဆိုသင့်ပေသည်။

[၃] အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်ကြည့်ပါ။

# ၅.	မူချမှတ်ထားသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ရာတွင် လူပုဂ္ဂိုလ်များသည် အဓိက သော့ချက် ပင်ဖြစ်သည်။ ဘေးဒုက္ခများကို တုန့်ပြန်လုပ်ဆောင်မှု၏ အဓိကကျသော လုပ်ငန်းစဉ်မှာ အသက်များကယ်ဆယ်ရန်၊ လူသားတို့ ခံစားရသည့်ဒုက္ခ ဝေဒနာများ လျော့ပါးသက်သာရန်နှင့် လူတို့၏ဘဝများရှင်သန်ခွင့်ကို ဂုဏ်သိက္ခာနှင့်အညီဖြစ်အောင် ပံ့ပိုးပေးရန်တို့ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ အသိအမှတ် ပြုထားသည်မှာ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာသည် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ပြီး ဦးစွာ ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်။ ထို့ကြောင့် လိုအပ်လာသည့် အချိန်တိုင်း လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ပေးအပ်ရမည် ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းဆောင်ရွက်ရာတွင် ကျယ်ပြန့်သော အခြေခံမူလေးရပ်ဖြင့် လမ်းညွှန်လုပ်ဆောင်သည်။[၄]

- **လူသားချင်းစာနာထောက်ထားခြင်း** - လူသားတို့ ဘေးဒုက္ခခံစားရမှုများကိုတွေ့ရှိသည့် အခါတိုင်း ကိုင်တွယ်ဖြေရှင်းရမည်။ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ရှင်သန်မှု၊ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်မှုနှင့် လူသားဘဝကို လေးစားမှုရှိစေရန်ဖြစ်သည်။

[၄] လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း ၊ လွတ်လပ်စွာဆောင်ရွက်ခြင်းနှင့် ကြားနေခြင်းဟူသောမူများသည် ၁၉၆၅ ခုနှစ် ဗီယင်နာ တွင်ကျင်းပခဲ့သော ၂၀ ရာစုအပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီညီလာခံ၊ ကုလသဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၄၆/၁၈၂၊ ၁၉ ဒီဇင်ဘာ ၁၉၉၁နှင့် ကုလသဂ္ဂအထွေထွေညီလာခံ၏ဆုံးဖြတ်ချက် ၅၈/၁၁၄၊ ၅ ဖေဖော်ဝါရီလ ၂၀၀၄ များမှ ထုတ်ဖော်ကြေငြာခဲ့သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းလှုပ်ရှားမှု အခြေခံမူများမှ ထွက်ပေါ် လာခဲ့ခြင်းဖြစ်သည်။

- **ခွဲခြားမှုမရှိခြင်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများလုပ်ဆောင်ရွက်ရာတွင် အမျိုးသားရေး၊ လူမျိုး၊ ကျား/မ ရေးရာကွဲပြားမှု၊ ဘာသာရေးယုံကြည်မှု၊ အဆင့်အတန်း (သို့) နိုင်ငံရေးအယူဝါဒများအပေါ်တွင် အခြေခံ၍ ခွဲခြားခြင်းမရှိဘဲ လိုအပ်ချက်တစ်ခုထဲတွင်သာ မူတည်ပြီး အရေးပေါ်အဖြစ်ဆုံးနှင့်ဘေးဒုက္ခ ဖြစ်မှုအပေါ် ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်သည်။

- **လွတ်လပ်စွာဆောင်ရွက်ခြင်း** - လူသားခြင်း စာနာထောက်ထားမှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး (သို့မဟုတ်) အခြားသော ရည်မှန်းချက်များဖြင့် ထိန်းချုပ်လုပ်ကိုင်မှုများမှ လွတ်ကင်းသော ဆောင်ရွက်မှုများ ဖြစ်ရမည်။

- **ကြားနေခြင်း** - လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်သူများသည် ဆန့်ကျင်ဘက် အဖွဲ့ (သို့မဟုတ်) နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် အတွေးအခေါ် သဘာဝအငြင်းပွားဖွယ်များကို ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ရမည်ဖြစ်သည်။[၅]

လူသားချင်းစာနာထောက်ထားမှု အခြေခံမှုများသည် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ငန်းအားလုံး၏ အဓိက သော့ချက်ပင်ဖြစ်သည်။ ၎င်းတို့သည် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်မှုပေးပြီး အခြားသော လုပ်ဆောင်မှု လုပ်ငန်းပုံစံများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ပုံတို့ အထူးတလည် ကွဲပြားကြောင်းကို ပြသသည်။ CHS တွင် မူဝါဒလေးချက်ကို ကတိကဝတ်၊ အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်း၊ အဓိက ဆောင်ရွက်ချက်များနှင့် အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများကို ထည့်သွင်း ပေါင်းစပ်ထားပါသည်။

နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ ဒုက္ခသည်များဆိုင်ရာ ဥပဒေများတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် လူအုပ်စုများကို ကာကွယ်စောင့်ရှောက်ရေး၊ ပေးအပ်မည့် အကူအညီများ၏သဘောသဘာဝနှင့် ပတ်သက်၍ အခြေခံဥပဒေ စံသတ်မှတ်ချက်များ ချမှတ်ထားသည်။ Sphere လူသားချင်းစာနာထောက်ထားမှု ပဋိညာဉ်စာတမ်းတွင် ဘေးဒုက္ခ သို့မဟုတ် ပဋိပက္ခများသက်ရောက်

[၅] အချို့သောအဖွဲ့အစည်းများသည် မျှတမှန်ကန်သော ကူညီမှုများပေးရန်နှင့် အပြင်းအထန်ဆန့်ကျင်သော်လည်း ဘက်မလိုက်ရေးမူဝါဒကို ထည့်သွင်းမစဉ်းစားပါက တာဝန်ခံယူမှု၊ တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များကို ထောက်ခံအားပေးလုပ်ဆောင်ရာတွင် အဟန့်အတားဖြစ်စေသည်။

မှုခံစားရသူများ၏ လူမှုဘဂဖူလုံရေးအတွက် အဓိကသက်ဆိုင်သောတရားဂင်ဥပဒေမူများကို အကျဉ်းချုပ်၍ ပြဌာန်းထားသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိကစံသတ်မှတ်ချက်များကို အသုံးပြု လုပ်ဆောင်မည့်သူသည် ဘေးအန္တရာယ် (သို့မဟုတ်) လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုး သက်ရောက်မှု ကိုခံစားနေရသော သက်ဆိုင်ရာဒေသတွင်းနှင့် အခြားသော သက်ဆိုင်ရာ အာဏာပိုင်များ၏ စောင့်ရှောက်ကာကွယ်ရေး၊ အကူအညီပေးရေးနှင့် အခြေခံ တာဂန်ဂတ္တရား များကို အသိအမှတ်ပြု လက်ခံရမည်ဖြစ်သည်။ လူသားချင်း စာနာမှုလုပ်ငန်းများသည် ထိုတာဂန်ဂတ္တရားများကို မပေ့ါလျော့စေဘဲ တတ်စွမ်းသမျှ ပြီးမြောက်အောင်မြင်အောင် ဖြည့်စွမ်းဆောင်ရွက်သင့်သည်။

# ၆. ကတိကဝတ်ကိုးချက်နှင့်အရည်အသွေး စံချိန်စံညွှန်း



၁။ ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ၎င်းတို့ လိုအပ်ချက် နှင့်အညီ သင့်လျော်ကောင်းမွန်ပြီး ထိုက်သင့်ဆီလျော်သော အထောက်အပံ့ကို ရရှိရမည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုသည် သင့်တော် ဆီလျော်မှု ရှိရမည်။



၂။ ဘေးဒုက္ခခံရသော ရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ၎င်းတို့လိုအပ်သည့် အချိန်တွင် အချိန်ကိုက် လက်လှမ်းမီရရှိနိုင်သည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုန့်ပြန်ဆောင်ရွက်မှုသည် ထိရောက်ပြီးအချိန်မီ ဆောင်ရွက်ရမည်။



၃။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှု၏ ရလဒ်အနေဖြင့် ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ဆိုးဝါးသော သက်ရောက်မှုများ မဖြစ်စေဘဲ ပြင်ဆင်ထားမှုများပိုမိုကောင်းမွန်ရမည်၊ ခံနိုင်ရည်ရှိရမည်၊ အန္တရာယ်နည်းပါးရမည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုသည် ဒေသဆိုင်ရာ စွမ်းဆောင်ရည်များကို အားကောင်းလာစေပြီး ဆိုးဝါးသည့်သက်ရောက်မှုများကို ရှောင်လွှဲ ရမည်။



၄။ ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ၎င်းတို့၏ ရပိုင်ခွင့်များ၊ ခံစားခွင့်များကို ကောင်းစွာသိရှိကြပြီး သတင်းအချက်အလက်များကိုလည်း လက်လှမ်းမီရရှိကာ ၎င်းတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆုံးဖြတ်မှုများတွင် ပါဝင်နိုင်ရမည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုန့်ပြန်ဆောင်ရွက်မှုသည် ပြန်ကြားဆက်သွယ်မှု၊ ပူးပေါင်းပါဝင်မှုနှင့် အကြံပြုတုန့်ပြန်မှုများ အပေါ် တွင် အခြေခံရမည်။



၅။ ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်း နှင့် လူအများသည် တိုင်ကြားမှုများကိုကိုင်တွယ်ဖြေရှင်းရန်အတွက် လုံခြုံစိတ်ချမှုရှိပြီ တုံ့ပြန်ဆောင်ရွက်တတ်သော စနစ်များကို ရရှိလက်လှမ်းမီသည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - တိုင်ကြားချက်များကို ကောင်းစွာ လက်ခံပြီး ဖြေရှင်းပေးရမည်။



**၆။ ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းသည် ညှိနှိုင်းဆောင်ရွက်မှုနှင့်၊ ပြည့်စုံလုံလောက်သော အကူအညီများရရှိမှုရှိသည်။**

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - ဘေးဒုက္ခခံရသောရပ်ရွာဝန်းကျင်နှင့် လူအများသည် ပြီးပြည့်စုံသော ပူးပေါင်းဆောင်ရွက်မှုရှိသည့် အကူအညီများရရှိရမည်။



**၇။ ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် အဖွဲ့အစည်းများမှ ယခင်အတွေ့အကြုံများနှင့် သုံးသပ်ချက်များအရ တိုးတက်ကောင်းမွန်သော ကူညီမှုများကို မျှော်မှန်းနိုင်သည်။**

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်သူများသည် စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး တိုးတက်ကောင်းမွန်စေရန် ပြုလုပ်နေသူများဖြစ်ရမည်။



**၈။ ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများ အနေဖြင့် အကူအညီ အထောက်အပံ့များကို အရည်အချင်းရှိပြီး ကောင်းစွာ စီမံလုပ်ဆောင်နိုင်သည့် ဝန်ထမ်းများ၊ စေတနာ့ လုပ်အားရှင်များထံမှ လက်ခံရရှိသည်။**

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - ဝန်ထမ်းများအား ၎င်းတို့၏လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ၎င်းတို့အား တန်းတူညီမျှစွာ ဆက်ဆံခြင်းဖြင့် အထောက်အပံ့ပေးရမည်။



**၉။ ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ၎င်းတို့ကို အကူအညီပေးနေသော အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများဆိုင်ရာ အရင်းအမြစ်များကို ထိရောက်စွာ၊ လုံလောက်စွာ၊ ကျင့်ဝတ်နှင့် လျော်ညီစွာရရှိရန် မျှော်လင့်နိုင်သည်။**

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - အရင်းအမြစ်များကို ရည်ရွယ်ထားသည့်အတိုင်း တာဝန်သိစွာ အသုံးပြုပြီး စီမံခန့်ခွဲရမည်။

# ၇. ကတိကဝတ်များ၊ လုပ်ဆောင်ချက်များနှင့် တာဝန်ဝတ္တရားများ

## (၁) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်း နှင့် လူအများသည် ၎င်းတို့ လိုအပ်ချက်နှင့်အညီ သင့်လျော်ကောင်းမွန်ပြီး ထိုက်သင့်ဆီလျော်သော အထောက်အပံ့ကို ရရှိရမည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုသည် သင့်တော်ဆီလျော်မှု ရှိရမည်။

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများ**

**(၁.၁)** ဆက်စပ်ဖြစ်ပေါ်နေသော အခြေအနေတွင် ပါဝင်ပတ်သက်သူများနှင့် စပ်လျဉ်း၍စနစ်ကျသော၊ ရည်ရွယ်ချက်ရှိသော ခွဲခြမ်းလေ့လာမှုကို အဆက်မပြတ်ပြုလုပ်ရမည်။

**(၁.၂)** မတူညီသော လူအုပ်စုများ၏ စွမ်းဆောင်ရည်များ၊ ထိခိုက်လွယ်မှုများကို နားလည်ခြင်း ဘေးအန္တရာယ် ဖြစ်နိုင်ခြေနှင့်၊ လိုအပ်ချက်များကို မှန်ကန်တိကျစွာ ဆန်းစစ်လေ့လာခြင်းအပေါ် အခြေခံ၍ သင့်လျော်ကောင်းမွန်သည့် အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရမည်။[၆] ဘေးအန္တရာယ်ဖြစ်နိုင်ခြေများအပေါ်တွင် မှန်ကန်တိကျသည့် ဆန်းစစ်လေ့လာမှုတစ်ခု ပြုလုပ်ထားပြီး ၎င်းအပေါ်အခြေခံ၍ သင့်လျော်ကောင်းမွန်သည့် အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရမည်။[၇]

**(၁.၃)** ပြောင်းလဲနေသော လိုအပ်ချက်များ၊ စွမ်းဆောင်ရည်များနှင့် အခြေအနေများနှင့်အညီ လုပ်ငန်းအစီအစဉ်များကို လိုက်လျောညီထွေ ရှိအောင်လုပ်ဆောင်ရမည်။

---

[၆] လိုအပ်ချက်များတွင် ကူညီထောက်ပံ့မှုနှင့် စောင့်ရှောက်ကာကွယ်မှုတို့ပါဝင်သည်။

[၇] ဤအချက်ဆိုလိုသည်မှာ ဥပမာအားဖြင့် အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေး၊ ယောကျာ်းလေး၊ ငယ်ရွယ်သူနှင့် အိုမင်းသူများ၊ မသန်စွမ်းသူများနှင့် အချို့သောတိုင်းရင်းသားလူနည်းစုများ (သို့) မထင်ရှားသော တိုင်းရင်းသားအုပ်စုများပါဝင်သည်။

## အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ

(၁.၄) မူဝါဒများသည် ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်တို့အပေါ်တွင် အခြေခံ ပြီးဘက်မလိုက်သော့ အကူအညီ များကို ကတိကဝတ်ပြုရမည်။

(၁.၅) ကွဲပြားခြားနားနေသည့် အချက်အလက်များကိုး စုစည်း ကောက်ယူရန်နှင့် အကျိုးမခံစားရသော (သို့) ချန်လှပ်ထားခြင်းခံရသူများ အပါအဝင် မတူကွဲပြားသော လူမှုအသိုင်းအဝိုင်းများကို ထည့်သွင်းစဉ်းစား၍ ကတိကဂတ်ပြု ဆောင်ရွက်မည့်မူဝါဒများကို ရေးဆွဲရမည်။

(၁.၆) ဆက်စပ်ဖြစ်ပေါ်နေသည့် အခြေအနေကို မှန်ကန်သင့်လျော်စွာ စီစစ်လေ့လာနိုင်ရန် အတွက် လုပ်ငန်းစဉ်များ နေရာတကျရှိနေစေရမည်။

## (၂) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ၎င်းတို့ လိုအပ်သည့် အချိန်တွင် အချိန်ကိုက် လက်လှမ်းမီရရှိနိုင်သည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် ထိရောက်ပြီးအချိန်မီ ဆောင်ရွက်ရမည်။

### အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများ

(၂.၁) ရည်ရွယ်ထားသည့် လုပ်ငန်းစဉ်များတွင် ရပ်ရွာလူထုအတွက် လက်တွေ့ကျပြီး ဘေးကင်းလုံခြုံစေရန်အတွက် ကြုံတွေ့နိုင်သည့် အခက်အခဲ၊ အဟန့်အတား[၈] များကို ထည့်သွင်းစဉ်းစားရမည်။

(၂.၂) လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများသည် မလိုလားအပ်သောနှောင့်နှေးခြင်း မရှိဘဲ အချိန်မီ ဆုံးဖြတ်ချက်ချဆောင်ရွက်ရမည်။

(၂.၃) ဖြည့်ဆည်းမပေးနိုင်သော မည်သည့် လိုအပ်ချက်များကိုမဆို သက်ဆိုင်ရာ နည်းပညာကျွမ်းကျင်မှုနှင့် လုပ်ဆောင်နိုင်ခွင့်ရှိသော အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးခြင်း (သို့မဟုတ်) ထိုလိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရန် အားပေး တိုက်တွန်းရမည်။

(၂.၄) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍအတွက် လုပ်ငန်းအစီအစဉ်များကို စီစဉ်ရန်နှင့် လေ့လာဆန်းစစ်ပြီး ဆီလျော်သော နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်နှင့်မှန်ကန်ကောင်းမွန်သော အလုပ်တာဝန်ပေးအပ်ရမည်။

(၂.၅) လုပ်ငန်းအစီအစဉ်များလိုက်လျောညီထွေရှိစေရန်နှင့်အားနည်းသည့်စွမ်းဆောင်မှုများကိုဖြေရှင်းနိုင်ရန် အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်လုပ်ဆောင်မှုများ၏လှုပ်ရှားမှုများ၊ ရလဒ်များနှင့်အကျိုးရလဒ်များကို စောင့်ကြည့်လေ့လာရမည်။

[၈] ဥပမာ - လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများကို လက်လှမ်းမီနိုင်မှု၊ လုံခြုံရေး၊ ထောက်ပံ့သယ်ယူပို့ဆောင်ရေး နှင့် ရန်ပုံငွေ အခြေအနေ

## အဖွဲ့အစည်းဆိုင်ရာ တာဝန် ဝတ္တရားများ

(၂.၆) လုပ်ငန်းအစီအစဉ်မှ ကတိကဝတ်များသည် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်များ နှင့် ကိုက်ညီမှုရှိရမည်။

(၂.၇) မူဝါဒဆိုင်ရာကတိကဝတ်များသည်သေချာစေရန်အောက်ပါတို့ကိုပြုလုပ်ရမည်။

- လုပ်ငန်းဆောင်ရွက်မှုများနှင့် ၎င်းတို့၏သက်ရောက်မှုများကို စနစ်ကျသော၊ ရည်ရွယ်ချက်ရှိသော စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းများ အစဉ်မပြတ်ပြုလုပ်ရမည်။
- စောင့်ကြည့် ထိန်းသိမ်းခြင်းနှင့် အကဲဖြတ်ခြင်းများမှ ထွက်ပေါ်လာသော အထောက်အထားများကို အစီအစဉ် တိုးတက်ကောင်းမွန်လာစေရန် လိုက်လျောညီထွေမှုရှိစေရမည်။
- အရင်းအမြစ်များကို သင့်လျော်မှန်ကန်စွာနေရာချထားပြီး အချိန်နှင့်တပြေးညီဆုံးဖြတ်ချက်ချဆောင်ရွက်ရမည်။

## (၃) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု၏ရလဒ်အနေဖြင့် ဘေးဒုက္ခခံရသော ရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ဆိုးပါးသော သက်ရောက်မှုများ မဖြစ်စေဘဲ ပြင်ဆင်ထားမှုများ ပိုမိုကောင်းမွန်ရမည်၊ ခံနိုင်ရည်ရှိရမည်၊ အန္တရာယ်နည်းပါးရမည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် ဒေသဆိုင်ရာ စွမ်းဆောင်ရည်များကို အားကောင်းလာစေပြီး ဆိုးပါးသည့်သက်ရောက်မှုများကို ရှောင်လွဲရမည်။

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများ**

(၃.၁) ဘေးဒုက္ခခံရသော ရပ်ရွာအသိုင်းအဝိုင်း၏ ဘေးအန္တရာယ်ဒဏ် တုံ့ပြန်တွန်းလှန်နိုင်စွမ်းတိုးတက်လာစေရေးအတွက် ဒေသခံများ၏ စွမ်းဆောင်မှုနှင့် လုပ်ကိုင်ဆောင်ရွက်မှုများအပေါ်အခြေခံ၍ အစီအစဉ် ရေးဆွဲတည်ဆောက်မှုများကိုသေချာစွာဆောင်ရွက်ရမည်။

(၃.၂) လုပ်ငန်းများကို လမ်းညွှန်နိုင်ရန်အတွက် ရပ်ရွာအတွင်း လက်ရှိထွက်ပေါ်လာသည့် ဘေးအန္တရာယ်နှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လေ့လာဆန်းစစ်မှုနှင့် ကြိုတင်ပြင်ဆင်ထားသည့် အစီအစဉ်များကို အသုံးပြုရမည်။

(၃.၃) အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်မည့်ဘေးအန္တရာယ်တုံ့ပြန်မှုများတွင်ဒေသခံများ၏ ဦးဆောင်မှုနှင့် ဒေသအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များဖြင့် ၎င်းတို့ကိုယ်တိုင်ကနဦးတုံ့ပြန်လုပ်ဆောင်သူများ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ရမည်။ ထို့နောက် ချန်လုပ်ထားခြင်းခံရသူများနှင့် အကျိုးမခံစားရသည့် အုပ်စုများသည်လည်း သင့်တင့်လျောက်ပတ်စွာ ကိုယ်စားပြုရန်ကြိုးပမ်းရမည်။

(၃.၄) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများ ဆောင်ရွက်မှု အစောပိုင်းအဆင့်များတွင် ရေရှည်အကျိုး ဖြစ်ထွန်းစေမည့် အပေါင်းလက္ခဏာ ဆောင်သော

သက်ရောက်မှုများနှင့် မှီခိုရခြင်းများလျော့ကျစေရန် စပ်ကူးမတ်ကူး ကာလ (သို့မဟုတ်) ထွက်ခွာချိန် နည်းဗျူဟာ စသည်တို့ကို စီစဉ် ရေးဆွဲထားရမည်။

(၃.၅) ဒေသဆိုင်ရာ စီးပွားရေးကို ပြန်လည်ကောင်းမွန်လာစေရန်နှင့် ဘေးအန္တရာယ်ကျရောက်ပြီး အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများ မြှင့်တင်ပေးသည့် အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရမည်။

(၃.၆) အောက်ပါကဏ္ဍများအပါအဝင် ဖြစ်ပေါ်လာနိုင်သော (သို့မဟုတ်) အမှန်တကယ် မမျှော်မှန်းထားသော အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများကို အချိန်နှင့်တပြေးညီ၊ စနစ်တကျ သတ်မှတ်ဆောင်ရွက်ရမည်။

- လူအများ၏ ဘေးကင်းရေး၊ လုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ
- ဂန်ထမ်းများမှ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း
- ယဉ်ကျေးမှု၊ ကျားမရေးရာနှင့် လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ ပတ်သက်ဆက်နွယ်မှု
- အသက်မွေးဂမ်းကျောင်းလုပ်ငန်းများ
- ဒေသဆိုင်ရာ စီးပွားရေးနှင့်
- သဘာဂပတ်ဂန်းကျင်တို့ ဖြစ်သည်။

**အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ**

(၃.၇) မူဝါဒများ၊ နည်းဗျူဟာများနှင့် လမ်းညွှန်ချက်များရေးဆွဲထားသည်မှာ -

- လုပ်ငန်းအစီအစဉ်မှ မလိုလားအပ်သည့်သက်ရောက်မှုများမဖြစ်ပေါ် အောင် ကာကွယ်ရန်ဖြစ်ပြီး ဥပမာအားဖြင့် ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းအပေါ် တွင် ဝန်ထမ်းများမှ အမြတ်ထုတ်ခြင်း၊ အလွဲသုံးစားပြုခြင်း (သို့) ခွဲခြားဆက်ဆံခြင်းကဲ့သို့သော ကိစ္စရပ်များ ဖြစ်ပေါ်ခြင်းမှ ကာကွယ်ရန်နှင့်
- ဒေသ၏ စွမ်းဆောင်ရည်များကို အားကောင်းလာစေရန် ဖြစ်သည်။

(၃.၈) ဘေးဒုက္ခခံရသောရပ်ရွာလူထုကို ထိခိုက်စေခြင်းများ မဖြစ်စေရန် ကောက်ယူရရှိသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို လုံခြုံစွာထိန်းသိမ်းထားနိုင်မည့် စနစ်များ ကိုထားရှိဆောင်ရွက်ရမည်။

## (၄) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ၎င်းတို့၏ ရပိုင်ခွင့်များ၊ ခံစားခွင့်များကို ကောင်းစွာသိရှိကြပြီး သတင်းအချက်အလက် များကိုလည်း လက်လှမ်းမီရရှိကာ ၎င်းတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆုံးဖြတ်မှုများတွင် ပါဝင်နိုင်ရမည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုသည် ပြန်ကြားဆက်သွယ်မှု၊ ပူးပေါင်းပါဝင်မှုနှင့် အကြံပြုတုန့်ပြန်မှုများ အပေါ်တွင် အခြေခံရမည်။

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများ**

(၄.၁) ဘေးဒုက္ခခံရသော ရပ်ရွာအသိုင်းအဝိုင်းကို မိမိတို့အဖွဲ့အစည်းနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ အခြေခံမူများ၊ ဝန်ထမ်းများမှမည်သို့ပြုမူဆောင်ရွက်မည်၊ အကောင်အထည်ဖော်နေသည့် လုပ်ငန်းအစီအစဉ်များနှင့် မည်သည့်တို့ကို ပေးအပ်ကူညီသွားမည် စသည့်သတင်းအချက်အလက်များကို မျှဝေပေးရမည်ဖြစ်သည်။

(၄.၂) ရပ်ရွာလူထုအတွင်းရှိမတူညီသောအုပ်စုများအထူးသဖြင့်ထိခိုက်ခံရလွယ်သူနှင့် ချန်လှပ်ထားခြင်းခံရသည့်အုပ်စုများအတွက် နားလည်လွယ်သော၊ လေးစားတန်ဖိုးထားသော ဓလေ့ထုံးတမ်းနှင့် သင့်တော်သော ဘာသာစကားများ၊ ပုံစံများ၊ သတင်းမီဒီယာများဖြင့် ပြန်ကြားဆက်သွယ်ရမည်ဖြစ်သည်။

(၄.၃) လုပ်ငန်းဆောင်ရွက်မှု အဆင့်များတွင် ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်း၏ ပူပေါင်းပါဝင်မှုနှင့် ၎င်းတို့၏ ချိတ်ဆက်မှုများဖြင့် ကိုယ်စားပြုစေရမည်ဖြစ်သည်။

(၄.၄) ဘေးဒုက္ခခံရသော ရပ်ရွာလူထုများအနေဖြင့်၎င်းတို့လက်ခံရရှိသည့် အကူအညီ များ၏ အရည်အသွေးနှင့် အကျိုးသက်ရောက်မှုများအပေါ်တွင် ကျေနပ်

လက်ခံမှုအဆင့်မည်မျှရှိသည်ကို ပြန်လည်အသိပေးတုံ့ပြန်မှုရှိအောင် တိုက်တွန်းအားပေးခြင်း၊ စီစဉ်ဆောင်ရွက်ပေးခြင်းများပြုလုပ်ရမည်ဖြစ်ပြီး ၎င်းတို့၏ ကျားမကဏ္ဍ၊ အသက်အရွယ် နှင့် မတူကွဲပြားမှုများကို အလေးပေးရမည် ဖြစ်သည်။

**အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ**

(၄.၅) သတင်းအချက်အလက်မျှဝေမှုဆိုင်ရာ မူဝါဒများ အစီအစဉ်တကျရှိရမည် ဖြစ်ပြီး ပွင့်လင်းစွာဆက်သွယ်လုပ်ဆောင်သောအလေ့အကျင့်ကို မြှင့်တင်ရမည်။

(၄.၆) ဘေးဒုက္ခခံရသော ရပ်ရွာအသိုင်းအဝိုင်းနှင့် ချိတ်ဆက် ဆောင်ရွက်ရန်နှင့် လုပ်ငန်းအဆင့်တိုင်းတွင်၎င်းတို့၏ ဦးစားပေးအချက်များနှင့် ၎င်းတို့ကိုယ်တိုင် ဖော်ထုတ်သော ဘေးအန္တရာယ်ကျရောက်နိုင်ခြေများကို ထင်ဟပ်စေသောမူဝါဒများချမှတ်ရမည်။

(၄.၇) ရုံပုံငွေ မြှင့်တင်ရေး အပါအဝင် ပြင်ပနှင့် ဆက်သွယ်ဆောင်ရွက်သော လုပ်ငန်းများ လုပ်ဆောင်မှုများသည် တိကျမှုရှိခြင်း၊ ကျင့်ဝတ်နှင့်ညီခြင်း လေးစားမှုရှိခြင်း စသည့်အချက်များနှင့် လျော်ညီရမည်ဖြစ်ပြီး ဘေးဒုက္ခခံရသော ရပ်ရွာလူထုကို ဂုဏ်သိက္ခာ ရှိသော်လူသားများအဖြစ် အသိအမှတ်ပြုရမည်ဖြစ်သည်။

## (၅) မဲဆန္ဒရှင်များအဖွဲ့အစည်းအသိုင်းအဝိုင်း နှင့် လူအများသည် တိုင်ကြားမှုများကိုကိုင်တွယ်ဖြေရှင်းရန်အတွက်လုံခြုံစိတ်ချမှုရှိပြီး တုံ့ပြန်ဆောင်ရွက်တတ်သော စနစ်များကို ရရှိလက်လှမ်းမှီသည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - တိုင်ကြားချက်များကို ကောင်းစွာ လက်ခံပြီး ဖြေရှင်းပေးရမည်။

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများ**

(၅.၁) တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းသည့် လုပ်ငန်းစဉ်များအား ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ခြင်းများကို ပြုလုပ်ရာတွင် မဲဆန္ဒရှင်စားရသော ရပ်ရွာလူထုများ နှင့်တိုင်ပင်ဆွေးနွေးရပါသည်။

(၅.၂) တိုင်ကြားချက်များကို လက်ခံဆောင်ရွက်ရန်နှင့် ထိုကိစ္စရပ်များကို ဖြေရှင်းနိုင်သည့်နည်းလမ်းကို မည်သို့ လက်လှမ်းမှီနိုင်ကြောင်းနှင့် ဖြေရှင်းပေးနိုင်သည့် အတိုင်းအတာတို့ကို ဆက်သွယ်ပြောကြားရမည်ဖြစ်သည်။

(၅.၃) လုပ်ငန်းအဆင့်တိုင်းတွင် တိုင်ကြားသူများနှင့် ထိခိုက်ခံစားရသူများ၏ ဘေးကင်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်ကြားချက်များကို အချိန်နှင့်တပြေးညီ မျှတဆီလျော်စွာ ကိုင်တွယ်ပေးရမည်ဖြစ်သည်။

**အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ**

(၅.၄) မဲဆန္ဒရှင်ရသောရပ်ရွာအသိုင်းအဝိုင်း၏ တိုင်ကြားချက်ကို ကိုင်တွယ် ဖြေရှင်းသည့် လုပ်ငန်းစဉ်များကို မှတ်တမ်းပြုသိမ်းဆည်းထားရမည်။ ဤလုပ်ငန်းစဉ်တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှုနှင့်၊ အခြားသော လုပ်ပိုင်ခွင့်အား အလွဲသုံးစားပြု မှုများ ပါဝင်သင့်သည်။

(၅.၅) တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များအရ အလေးအနက်ထား၍ ဖြေရှင်းပေးရမည်ဖြစ်ပြီး ထိုသို့ဖြေရှင်းရာတွင် အဖွဲ့အစည်းဆိုင်ရာ အလေ့အထများကို တည်ဆောက်ထားရမည်။

(၅.၆) ဘေးဒုက္ခခံရသော ရပ်ရွာအသိုင်းအဝိုင်းအနေဖြင့် အဖွဲ့အစည်းဆိုင်ရာ ကတိကဝတ်များသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှုများကို တားဆီးခြင်းဆိုသည့် အချက်ပေါ်တွင် အခြေခံပြီး ရေးဆွဲထားကြောင်းကိုသိရှိရမည်ဖြစ်သည်။ ယင်းနှင့် ဆက်စပ်၍ ဂန်ထမ်းများ၏ အပြုအမူကို ကောင်းစွာသတိပြု သိရှိရမည်ဖြစ်သည်။

(၅.၇) တိုင်ကြားချက်များသည် အဖွဲ့အစည်း၏ အတိုင်းအတာ နှင့် ကိုက်ညီမှုမရှိပါက ယင်းကိစ္စရပ်များကို သက်ဆိုင်ရာ အဖွဲ့အစည်း / ပတ်သက်ဆက်နွယ်သူများထံသို့ မှန်ကန်သော နည်းလမ်းများဖြင့် လွှဲပြောင်းပေးရမည်။

## (၆) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းသည် ညှိနှိုင်းဆောင်ရွက်မှုနှင့်၊ ပြည့်စုံလုံလောက်သော အကူအညီများရရှိမှုရှိသည် ။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - ဘေးဒုက္ခခံရသောရပ်ရွာဝန်းကျင်နှင့် လူအများသည် ပြီးပြည့်စုံသော ပူးပေါင်းဆောင်ရွက်မှုရှိသည့် အကူအညီများရရှိရမည်။

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများ**

(၆.၁) ပတ်သက်ဆက်နွယ်သူအားလုံး၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများ၊ စွမ်းဆောင်ရည်နှင့် အကျိုးစီးပွားများကို သတ်မှတ်ရမည်။ [၉]

(၆.၂) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်လုပ်ဆောင်မှုသည် နိုင်ငံတော် အဆင့်၊ ဒေသခံအဆင့် အာဏာပိုင်များနှင့် အခြားသော လူသားချင်းစာနာ ထောက်ထားမှု အဖွဲ့အစည်းများအကြား သဟဇာတ ဖြစ်အောင် ဆောင်ရွက် ရမည် ဖြစ်သည်။ [၁၀]

(၆.၃) ရပ်ရွာလူထုထံမှ တောင်းဆိုလုပ်ကိုင်ရခြင်းများလျော့ချနိုင်စေရန်နှင့်ပိုမိုကျယ်ပြန့် သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများနှင့် ဝန်ဆောင်မှု များ ပိုမိုပေးအပ်နိုင်ရန်အတွက် သက်ဆိုင်ရာညှိနှိုင်းပေးမည့် ဆောင်ရွက်မှုပြုလုပ် နေသည့် အဖွဲ့များတွင်ပါဝင်ခြင်း၊ အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။

(၆.၄) သင့်တင့်လျောက်ပတ်သော ဆက်သွယ်ရေးလမ်းကြောင်းများမှတဆင့် လိုအပ် သည့် သတင်းအချက်အလက်များကို မိတ်ဖက်အဖွဲ့အစည်းများ၊ ညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့များနှင့် အခြားသက်ဆိုင်ရာ ပုဂ္ဂိုလ်များထံသို့ဝေမျှရမည်။

---

[၉] ဒေသဆိုင်ရာ သက်ဆိုင်သူများ၊ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ပုဂ္ဂလိကကုမ္ပဏီ များနှင့် အခြားသက်ဆိုင်ရာအဖွဲ့များပါဝင်သည်။

[၁၀] အကယ်၍အာဏာပိုင်များသည် ပဋိပက္ခဖြစ်စဉ်များတွင် ပါဝင်နေပါက လူသားချင်းစာနာမှုဆောင်ရွက်သူများသည် ဘေးဒုက္ခခံ ရပ်ရွာနှင့်လူအများတို့၏ အကျိုးကို ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အဓိက ဗဟိုချက်အနေဖြင့်ထားရှိပြီးလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ လွတ်လပ်စွာ ကိုယ်ပိုင်စီရင်ဆုံးဖြတ်လုပ်ဆောင့်သည်။

**အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ**

(၆.၅) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူဘောင်များကို အခြေတည်၍ မူဝါဒများနှင့် နည်းဗျူဟာများကို ချမှတ်ရာတွင် နိုင်ငံတော်နှင့် ဒေသခံ အာဏာပိုင်အဖွဲ့အစည်းများအပါအဝင် အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ကို လုပ်ဆောင်ရမည်။

(၆.၆) မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ လုပ်ကိုင်ရာတွင် ၎င်းတို့၏ လုပ်ပိုင်ခွင့် အခန်းကဏ္ဍ ၊ တာဝန်ဝတ္တရားများနှင့် လွတ်လပ်မှုကို လေးစားလိုက်နာပြီး ရှင်းလင်းခိုင်မာသော သဘောတူညီချက်များ ဆောင်ရွက်ခြင်း၊ ထို့အပြင်မိတ်ဖက်အဖွဲ့အစည်းများတွင်ရှိသော အကန့်အသတ်များနှင့် ကတိကဝတ်များကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။

## (၇) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် အဖွဲ့အစည်းများမှ ယခင်အတွေ့အကြုံများနှင့် သုံးသပ်ချက်များအရ တိုးတက်ကောင်းမွန်သော ကူညီမှုများကို မျှော်မှန်းနိုင်သည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်သူများသည် စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး တိုးတက်ကောင်းမွန်စေရန် ပြုလုပ်နေသူများဖြစ်ရမည်။

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများ**

(၇.၁) ယခင်အတွေ့အကြုံများနှင့် သင်ခန်းစာများအပေါ် အခြေခံပြီး စီမံကိန်း အစီအစဉ်များကို ရေးဆွဲရမည်။

(၇.၂) စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၊ တုံ့ပြန်ချက်များနှင့် တိုင်ကြားချက်များအပေါ် တွင်မူတည်၍ သင်ယူခြင်း၊ ဆန်းသစ်တီထွင်ခြင်းဖြင့်၊ အပြောင်းအလဲများကိုအကောင်အထည်ဖော်ရမည် ဖြစ်သည်။

(၇.၃) လေ့လာတွေ့ရှိမှုနှင့် ဆန်းသစ်တီထွင်မှုများကို ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် ပက်သက်ဆက်နွယ်နေသူများကို မျှဝေအသိပေးရမည်။

**အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ**

(၇.၄) အတွေ့အကြုံများမှသင်ယူရန်နှင့် အလေ့အကျင့်များတိုးတက်ရန်နည်းလမ်းများထားရှိရမည်ဖြစ်ပြီး အကဲဖြတ်ခြင်းနှင့် သင်ယူလေ့လာခြင်းဆိုင်ရာ မူဝါဒများလည်း ချမှတ်ရမည်။

(၇.၅) အသိပညာ ဗဟုသုတများနှင့် အတွေ့အကြုံများကို မှတ်တမ်းတင်ထားရှိသည့် စနစ်ပြုလုပ်ရမည်ဖြစ်ပြီး အဖွဲ့အစည်းတစ်ခုလုံး လက်လှမ်းမှီ သိရှိနိုင်စေရန် ဆောင်ရွက်ရမည်။

(၇.၆) အဖွဲ့အစည်းအနေဖြင့်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေသူနှင့် လုပ်ငန်းကဏ္ဍများအကြားတွင် လေ့လာသင်ယူမှုနှင့် ဆန်းသစ် တီထွင်မှုများကို ဖေမျှရမည်။

## (၈) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများ အနေဖြင့် အကူအညီ အထောက်အပံ့များကို အရည်အချင်းရှိပြီး ကောင်းစွာ စီမံလုပ်ဆောင်နိုင်သည့် ဝန်ထမ်းများ၊ စေတနာ့ လုပ်အားရှင်များထံမှ လက်ခံရရှိသည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - ဝန်ထမ်းများအား[၁၁] ၎င်းတို့၏ လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ၎င်းတို့အား တန်းတူညီမျှစွာဆက်ဆံခြင်းဖြင့် အထောက်အပံ့ပေးရမည်။

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများ**

**(၈.၁)** ဝန်ထမ်းများသည် အဖွဲ့အစည်း၏ဦးတည်ချက်နှင့်နှင့် တန်ဖိုးထားမှုများ အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ရည်ရွယ်ချက်များနှင့် စွမ်းဆောင်ရည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်လည်း ကိုက်ညီရမည်။

**(၈.၂)** ဝန်ထမ်းများအနေဖြင့် ၎င်းတို့ လက်ခံကျင့်သုံးသည့် သက်ဆိုင်ရာမူဝါဒများကို နားလည်ထားရမည်ဖြစ်ပြီး လက်ခံ ကျင့်သုံးခြင်းမရှိပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်များကိုလည်း သိရှိနားလည်ရမည်။

**(၈.၃)** ဝန်ထမ်းများအနေဖြင့် လိုအပ်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာများကို ဖော်ထုတ်အသုံးချပြီး ၎င်းတို့၏ အခန်းကဏ္ဍကို ဖြည့်စွမ်းရမည် ဖြစ်သည်။ အဖွဲ့အစည်းအနေဖြင့်လည်း ထိုအချက်များကို မည်သို့ပံ့ပိုးပေးနိုင်မည်ကို သိရှိရမည်။

**အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ**

**(၈.၄)** လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းအတွင်း စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းများ၏ အရည်အသွေးနှင့်စွမ်းဆောင်ရည်များရှိရမည်။

[၁၁] ဝန်ထမ်းများသည် - အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့်၊ အမြဲတမ်း (သို့) ရေတိုဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် အတိုင်ပင်ခံ အကြံပေး ပုဂ္ဂိုလ်များအားလုံးသည် အဖွဲ့အစည်းမှရွေးချယ်သတ်မှတ်ထားသည့် ကိုယ်စားလှယ်များဖြစ်သည်။

**(၈.၅)** ဂန်ထမ်းရေးရာမူဂါဒများနှင့် လုပ်ထုံးလုပ်နည်းများမှာ သာတူညီမျှရှိပြီး၊ ပွင့်လင်းမြင်သာသော၊ ခွဲခြားဆက်ဆံမှုမရှိသော၊ ဒေသဆိုင်ရာဥပဒေများနှင့် ညီညွတ်သော မူဂါဒများဖြစ်ရမည်။

**(၈.၆)** လုပ်ငန်းတာဂန်/လုပ်ငန်း၏ ရည်ရွယ်ချက်များနှင့် တုံ့ပြန်အသိပေးမှု လုပ်ငန်းစဉ်များသည် အစီအစဉ်တကျရှိနေရမည်ဖြစ်သည်။ သို့မှသာ ဂန်ထမ်းများအနေဖြင့် ၎င်းတို့၏ လိုအပ်ချက်ကို ရှင်းလင်းစွာ သိမြင်သဘောပေါက်မည်ဖြစ်သည်။

**(၈.၇)** ဂန်ထမ်းများအနေဖြင့် လူအများအပေါ်၌ အမြတ်ထုတ်ခြင်း၊ မလျော်မကန်ပြုလုပ်ခြင်း (သို့မဟုတ်) အခြားသော ခွဲခြားဆက်ဆံမှုများ မပြုလုပ်စေရန်စသည့် အခြေခံလိုက်နာရမည့် စည်းမျဉ်းဥပဒေများကို အစီအစဉ်တကျရေးဆွဲချမှတ်ထားရမည်။

**(၈.၈)** ဂန်ထမ်းများ၏ အရည်အချင်းနှင့် ပြည့်စုံကျွမ်းကျင်မှုများ တိုးတက်လာစေရန် အထောက်အပံ့ပေးမည့် မူဂါဒများကို ရေးဆွဲထားရှိရမည်။

**(၈.၉)** ဂန်ထမ်းများဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်မှုများအတွက် မူဂါဒများစနစ်တကျထားရှိရမည် ဖြစ်သည်။

## (၉) ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် လူအများသည် ၎င်းတို့ကို အကူအညီပေးနေသော အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများဆိုင်ရာ အရင်းအမြစ်များကို ထိရောက်စွာ၊ လုံလောက်စွာ၊ ကျင့်ဝတ်နှင့် လျော်ညီစွာ ရရှိရန် မျှော်လင့်နိုင်သည်။

**အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်း** - အရင်းအမြစ်များ[၁၂] ကို ရည်ရွယ်ထားသည့် အတိုင်း တာဝန်သိစွာ အသုံးပြုပြီး စီမံခန့်ခွဲရမည်။

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများ**

(၉.၁) တုံ့ပြန်လုပ်ဆောင်မှုအဆင့်တိုင်းတွင် အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြု ဆောင်ရွက်နိုင်ရန်နှင့်အရည်အသွေး၊ ကုန်ကျစရိတ်နှင့် အချိန် ထိန်းညှိခြင်း စသည် တို့ကို သေချာစွာဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရေးဆွဲရမည်။

(၉.၂) လေလွင့်မှုများကိုလျှော့ချပြီး ရည်ရွယ်ထားသည့်အတိုင်း အရင်းအမြစ်များကို စီမံခန့်ခွဲအသုံးချရမည်။

(၉.၃) လျာထားသည့် ငွေကြေးပမာဏနှင့်အညီ အသုံးစရိတ်ကို စောင့်ကြည့် လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်းများ ပြုလုပ်ရမည်။

(၉.၄) ဒေသတွင်းရှိ သဘာဝအရင်းအမြစ်များကို အသုံးပြုရသည့်အခါ သဘာဝပတ်ဝန်းကျင် အပေါ် အကျိုး သက်ရောက်မှုကို ထည့်သွင်းစဉ်းစားရမည်။

(၉.၅) အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်ခြေများကို စီမံခန့်ခွဲ၍ တွေ့ရှိပါက သင့်လျော်သော အရေးယူဆောင်ရွက်ချက်များ ပြုလုပ်ရမည်။

[၁၂] "အရင်းအမြစ်"ဟူသောစကားအသုံးအနှုန်းကို ပိုမိုကျယ်ပြန့်စွာနားလည်သင့်ပေသည်။ အဖွဲ့အစည်းအနေဖြင့် တာဝန်ရှိရာအရပ်တွင် ထားရှိပေးရမည့်အရာများကို ခြုံငုံ၍ ရံပုံငွေ၊ ဝန်ထမ်း၊ ကုန်ပစ္စည်းများ၊ ကိရိယာ၊ အချိန်၊ မြေ ဧရိယာ၊ မြေသား၊ ရေ၊ လေ၊ သဘာဝထုတ်ကုန်များနှင့် သဘာဝပတ်ဝန်းကျင်စသည်တို့ ယေဘုယျအားဖြင့် ပါဝင်သလို အခြားကန့်သတ်မှုများမရှိပါ။

### အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ

(၉.၆) အရင်းအမြစ်များကို အသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို အစီအစဉ်တကျပြုလုပ်ထားပြီး အဖွဲ့အစည်းအနေဖြင့် -

- ရံပုံငွေများနှင့် လက်ဆောင်များကို ကျင့်ဝတ်၊ ဥပဒေနှင့် လျော်ညီစွာ လက်ခံခြင်းနှင့် ခွဲဝေအသုံးပြုရန်
- အရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီအောင် တာဝန်ယူအသုံးပြုရန်
- အဂတိလိုက်စားခြင်း၊ အလွဲသုံးစားပြုခြင်း၊ အကျိုးစီးပွား ပဋိပက္ခဖြစ်ခြင်း (ကိုယ်ကျိုးရှာခြင်း)၊ အရင်းအမြစ်များကို မှားယွင်းစွာအသုံးချခြင်း စသည်တို့ကို တားဆီးဖြေရှင်းရန်
- စာရင်းစစ်ရန်၊ ကျင့်သုံးလိုက်နာမှုရှိမရှိစစ်ဆေးရန်နှင့် ပွင့်လင်းမှန်ကန်စွာ အစီရင်ခံတင်ပြရန်
- လေ့လာဆန်းစစ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဘေးအန္တရာယ် လျှော့ချခြင်း စသည်တို့ကို အခြေခံကိစ္စရပ်များအဖြစ် ပုံမှန်ဆောင်ရွက်သွားရန်နှင့်
- အရင်းအမြစ်များကို လက်ခံလိုက်ခြင်းအားဖြင့် လွတ်လပ်စွာ လုပ်နိုင်ခွင့်များကို ထိခိုက်မှုမရှိစေရန်

# ၈. အဓိပ္ပာယ်ဖွင့်ဆိုချက်များ

CHS အတွက်ရည်ရွယ်၍အောက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသုံးပြုသည်။

**တာဝန်ခံယူမှု**- မတူညီသော အကျိုးဆိုင်သူများနှင့် အဓိကအားဖြင့် ထိုလုပ်ပိုင်ခွင့် အာဏာကို သက်ရောက်ခံစားရမည့် သူများအတွက်ထည့်သွင်းစဉ်းစားပြီး လုပ်ပိုင်ခွင့် အာဏာကို တာဝန်ခံ၍ အသုံးပြုခြင်း။

**ဘေးဒုက္ခအန္တရာယ်ကို သက်ရောက်ခံစားရသူများ** - နေရာဒေသတစ်ခုတွင် ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများ၊ ဆင်းရဲနွမ်းပါးမှု (သို့) အခြားသော ဘေးအန္တရာယ် များ၏ သက်ရောက်မှုကို ခံစားရသည့် အမျိုးသမီးများ၊ အမျိုးသားများ၊ လိုအပ်ချက် အမျိုးမျိုး ရှိကြသောမိန်းကလေးများနှင့်ယောကျာ်းလေးများ၊ထိခိုက်လွယ်သူများနှင့်မစွမ်းဆောင်နိုင်သူများ စုစုပေါင်းကိုဆိုလိုသည်။

**မှတ်တမ်းတင်ခြင်း** - ပြန်လည်ကူးယူ ပွားပေးနိုင်သော ဆွေးနွေးမှုများ၊ သဘောတူညီချက် များ၊ ဆုံးဖြတ်ချက်များနှင့်/သို့မဟုတ် လုပ်ဆောင်ချက်များဆိုင်ရာမည်သည့်မှတ်တမ်းတင် သည့် ပုံစံမဆို အကျုံးဝင်သည်။

**ထိရောက်မှု** - ပေးအပ်သည့် ကူညီဆောင်ရွက်မှုမှ ၎င်း၏ ရည်မှန်းချက်အတိုင်း အောင်မြင် ရရှိမှု ပမာဏ။

**အကျိုးဖြစ်ထွန်းမှု** - လူသားချင်းစာနာထောက်ထားမှုအစီအစဉ်များမှ ဖြည့်ဆည်းထောက် ပံ့ မှုများ၏ အကျိုးရလဒ် အနေဖြင့် ထွက်ပေါ်လာသည့် အရည်အသွေးနှင့် အရေအတွက် ဆိုင်ရာ ရလဒ်ပမာဏ။

**ချိတ်ဆက်ဆောင်ရွက်ခြင်း** - အဖွဲ့အစည်းမှ သက်ရောက်ခံစားရသော အကျိုးဆိုင်သူများ အားလုံး၏ အကျိုးစီးပွားအတွက် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ၎င်းတို့၏ သက်ဆိုင်ရာကိစ္စရပ်များ၊ လိုအင်ဆန္ဒများ၊ မျှော်လင့်ချက်များ၊ လိုအပ်ချက်များ၊ အခွင့် အရေးများနှင့် အခွင့်အလမ်းများကို ထည့်သွင်းစဉ်းစားကာ ၎င်းတို့ကို အကူအညီ ပေးမည့် အစီ အစဉ်များအား အကောင်အထည်ဖော်ခြင်းနှင့် ပြန်လှန်သုံးသပ်ခြင်းများ လုပ်ဆောင်သည့် လုပ်ငန်းစဉ်။

**လူသားချင်းစာနာထောက်ထားမှုဆောင်ရွက်ချက်** - လူသားတို့ကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီး အချိန် များတွင် အသက်များကယ်ဆယ်ရန်၊ ခံစားရသည့်ဒုက္ခများလျှော့ချရန်နှင့် လူသားတို့၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးရန် ရည်ရွယ်ချက်များဖြင့် လုပ်ကိုင်ဆောင်ရွက်ချက်များဖြစ်ပြီး ၎င်းတို့အတွက်ကာကွယ်စောင့်ရှောက်ခြင်းနှင့်ကြိုတင်ပြင်ဆင်ခြင်းများကို လည်းဆိုလိုသည်။[၁၃]

**အဖွဲ့အစည်း** - CHS ကိုဖော်ဆောင်ရန်အတွက် စီမံခန့်ခွဲရေးဖွဲ့စည်းပုံနှင့် အခွင့်အာဏာ ရှိသော သီးခြားရပ်တည်သည့်အဖွဲ့ ။

**မိတ်ဖက်များ** - သီးသန့်ချမှတ်ထားသည့်ပန်းတိုင်ကို ရရှိရန်အတွက် တာဝန်နှင့် ဝတ္တရား များကို ရှင်းလင်းစွာသဘောတူညီထားပြီး နည်းလမ်းတကျ စီစဉ်ဆောင်ရွက်မှုများနှင့် အတူတကွပူးတွဲလုပ်ဆောင်သည့် အဖွဲ့အစည်းများ။

**မူဝါဒ** - ရည်ရွယ်လုပ်ဆောင်မည့်ကိစ္စရပ်အတွက် မှတ်တမ်းတင်ဖော်ပြထားခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ။

**စောင့်ရှောက်ကာကွယ်မှု** - အသက်အရွယ်၊ လိင်ကွဲပြားမှု၊ တိုင်းရင်းသားရေး၊ လူမှုရေး၊ ဘာသာရေး သို့မဟုတ်အခြားနောက်ခံအကြောင်းအရာများအပေါ် မူတည်၍ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများ အပြည့်အဝနှင့် ညီမျှစွာရရှိစေရန် ရည်ရွယ်သောလှုပ်ရှားမှုအားလုံး ဖြစ်သည်။ အရေးပေါ်အခြေအနေများတွင် ဂရုပြုလုပ်ဆောင်သော လတ်တလော အသက်ကယ်ဆယ်ရေးလှုပ်ရှားမှုများထက် ပိုသည်။

**အရည်အသွေး** - စွမ်းဆောင်နိုင်ရန် ထောက်ပံ့ပေးသော၊ အချိန်မှီသော၊ လိုအပ်ချက်၊ မျှော်လင့်ချက်များအတွက် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်အနေအထားဖြင့် ကျေနပ်ဖွယ်ကောင်းသည့် အနေအထားဖြစ်စေသော၊ အကူအညီပေးအပ်ရမည့် လူအများ၏ ဂုဏ်သိက္ခာကို လေးစားမှုရှိစေသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အင်္ဂါရပ်နှင့် သွင်ပြင်လက္ခဏာများအားလုံးကို ဆိုလိုသည်။

[၁၃] လူသားချင်းစာနာထောက်ထားမှုဆောင်ရွက်ချက်အကဲဖြတ်ခြင်း ကနဦးလမ်းညွှန်၊ ၂၀၁၃၊ စာမျက်နှာ ၁၄ တွင် ဖော်ပြပါရှိသည့်အတိုင်း။

**တုံ့ပြန်တွန်းလှန်ခြင်း** - ဘေးအန္တရာယ်တစ်ခုခု၏ သက်ရောက်မှုကိုခုခံခြင်း၊ ဒဏ်ခံကာကွယ်ခြင်း၊ အလိုက်သင့်စီမံခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများကို အချိန်ကိုက်၊ အကျိုးရှိစွာ တွန်းလှန်နိုင်သည့် ရပ်ရွာ (သို့မဟုတ်) လူမှုအသိုင်းအဝိုင်း၏ အရည်အချင်း ဖြစ်သည်။

**ဂန်ထမ်း** - နိုင်ငံအဆင့်၊ နိုင်ငံတကာနှင့် အမြဲတမ်း သို့မဟုတ် ရေတိုဂန်ထမ်းများနှင့် အတိုင်ပင်ခံအကြံပေးများအပါအဝင် အဖွဲ့အစည်း ကိုယ်စားပြုခန့်အပ်ထားသည့် မည်သည့် ဂန်ထမ်းကိုမဆို ဆိုလိုသည်။

# အရည်အသွေးနှင့် တာဝန်ခံမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိကစံနှုန်း

အရည်အသွေးနှင့် တာဝန်ခံမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံနှုန်း (CHS) သည် ကတိကဝတ်ပြုလုပ်ဆောင်မှု (၉) ခုကို ချမှတ်ခဲ့ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်လုပ်ဆောင်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီတို့သည် ၎င်းတို့ပေးအပ်သော ကူညီမှုများ အရည်အသွေးမြင့်မားစေရန်နှင့် ထိရောက်မှုရှိစေရန် အသုံးပြုနိုင်သည်။ ထို့အပြင် ဘေးဒုက္ခခံရသောရပ်ရွာအသိုင်းအဝိုင်းနှင့် ပြည်သူများအနေဖြင့်လည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ ကတိပြုလုပ်ဆောင်မှုများကို သိရှိလာခြင်းအားဖြင့် ထိုအဖွဲ့အစည်းများကို လက်ခံလာကြပြီး ပိုမိုကြီးမားသည့် တာဝန်ခံမှုများကို ဖန်တီးပေးသည်။

အဓိက စံသတ်မှတ်ချက်တစ်ခုအနေဖြင့် CHS သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှုများတွင် မရှိမဖြစ်အရေးပါသော အချက်များဖြစ်သည့် အဓိက ပဓာနထားဆောင်ရွက်မှု၊ တာဝန်ခံမှု၊ အရည်အသွေးမြင့်မားမှုများကို ပြဋ္ဌာန်းဖော်ပြသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ထိုအချက်များကို ၎င်းတို့သက်ဆိုင်ရာ အဖွဲ့အစည်းတွင်းမှ လုပ်ထုံးလုပ်နည်းများနှင့် ညှိနှိုင်း၍ လိုက်နာလုပ်ဆောင်မည့်အချက် (code) တစ်ခုအနေဖြင့် ဆန္ဒအလျောက်သုံးစွဲနိုင်သည်။ ထို့အပြင် စွမ်းဆောင်ရည်ဆိုင်ရာ စစ်ဆေးအတည်ပြုနိုင်ရန်အတွက်လည်း အခြေခံထား၍ အသုံးပြုနိုင်သည်။

CHS သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများ၊ ထိခိုက်ခံရသော ရပ်ရွာလူထုနှင့် ရာပေါင်းများစွာသော အစိုးရ မဟုတ်သည့်အဖွဲ့အစည်းများ (NGOs) နှင့် ကွန်ရက်များ၊ အစိုးရများ၊ ကုလသမဂ္ဂနှင့် အလှူရှင်အဖွဲ့အစည်းများမှ ၁၂ လအတွင်း တိုင်ပင်ဆွေးနွေးမှု အဆင့် (၃) ခုဖြင့် ဆောင်ရွက်ခဲ့ရာမှ ထွက်ပေါ်လာခဲ့သည့် ရလဒ်တစ်ခုဖြစ်ပြီး CHS တွင် ပါဝင်သည့် သဘောတရားများကို တင်းကြပ်စေ့စပ်စွာ လေ့လာခဲ့ပြီးနောက် ဌာနချုပ်များနှင့် ကွင်းဆင်း မြေပြင်လုပ်ငန်းခွင် အဆင့်များအတွင်း စမ်းသပ်ဆောင်ရွက်ခဲ့သည်။

corehumanitarianstandard

@corehumstandard

www.corehumanitarianstandard.org | info@corehumanitarianstandard.org

ISBN: 978-2-8399-1564-9